**COVID-19 (ကိုရိုနာဗိုင်းရပ်စ်) ကပ်ရောဂါကာလအတွင်း အရှေ့တောင်အာရှနိုင်ငံများတွင် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ကြရေးအတွက် စစ်ပွဲများအားလုံး အပစ်အခတ်ရပ်စဲကြပါရန် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က အာဆီယံအဖွဲ့ဝင် အစိုးရများကို တိုက်တွန်းချက်အပေါ် အရပ်ဘက် ပြည်သူ အဖွဲ့အစည်းများ၏ ပူးတွဲကြေညာချက်**

မတ်လ ၃၀ ရက် ၂၀၂၀ ။

COVID-19 (ကိုရိုနာဗိုင်းရပ်စ်) ကပ်ရောဂါ ကာလအတွင်း အရှေ့တောင်အာရှ နိုင်ငံများတွင် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ကြရေးအတွက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က စစ်ပွဲများအားလုံး အပစ် အခတ် ရပ်စဲကြပါရန် အာဆီယံအဖွဲ့ဝင်အစိုးရများကို တိုက်တွန်းလိုက်သည်။

COVID-19 ကပ်ရောဂါကို ထိန်းချုပ်ရေးတွင် အာရုံစိုက်နိုင်ရန်အတွက် တစ်ကမ္ဘာလုံးတွင် တိုက်ခိုက်နေကြသော စစ်ပွဲများအားလုံး အပစ်အခတ်ရပ်စဲကြရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် က အရှေ့တောင်အာရှ နိုင်ငံများအသင်းကြီး (အာဆီယံ) ကို တိုက်တွန်းလိုက်ခြင်းကို လိုက်နာကြပါရန် အောက်တွင် လက်မှတ်ရေးထိုးထားသော ကျွန်ုပ်တို့ အရပ်ဘက်ပြည်သူ့အဖွဲ့အစည်းများကလည်း တောင်းဆိုလိုက်ပါသည်။

အရေးပေါ် အစီအစဉ်များကို ဆောင်ရွက်ရာတွင် အာဆီယံနိုင်ငံ အစိုးရများအနေနှင့် လူသားလုံခြုံရေးနှင့် ပဋိပက္ခ ဖြစ်တန်ခြေ အသိသတိကို အခြေခံမှုများအဖြစ် ကျင့်သုံးကာ လူ့အခွင့်အရေးဥပဒေများ၊ စံချိန် စံညွှန်းများနှင့် အညီ ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်လျှင် လိုအပ်သလို ကြုံနေရသည့် အတိုင်းအဆနှင့် အချိုးကျ လျော်ညီစွာတို့ ပြန်ဆောင်ရွက်ကြရန်၊ ပဋိပက္ခဖြစ်ပွားရာဒေသများမှ ဒုက္ခသည်များ၊ နိုင်ငံရေး ခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံမဲ့များ၊ နေရပ်စွန့်ခွာခဲ့ရသူများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အစရှိသည့် ရပ်ရွာပြည်သူများ ရောဂါကြောင့် ပို၍ထိခိုက်နိုင်ပုံကို အလေးအနက်သတိထားကာ ဆောင်ရွက်ရန် တောင်းဆိုပါ သည်။

အရှေ့တောင်အာရှဒေသတွင် လက်ရှိ ဖြစ်ပွားနေဆဲ တိုက်ပွဲများကို ဖိလစ်ပိုင်နှင့် မင်ဒါနာအိုတွင် လည်းကောင်း၊ အင်ဒိုနီးရှားရှိ အနောက်ပါပူဝါတွင် လည်းကောင်း၊ ထိုင်းနိုင်ငံတောင်ပိုင်းတွင် လည်းကောင်း၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသားပြည်နယ်များတွင်လည်းကောင်း တွေ့ရှိရသည်။

အဆိုပါ လက်နက်ကိုင်တိုက်ပွဲများကြောင့် လူ သန်းပေါင်းများစွာမှာ ဒုက္ခသည်များ၊ နေရပ်စွန့်ခွာထွက်ပြေး နေကြရသူများ ဖြစ်နေကြသည်။

UNHCR ၏ အဆိုအရ ၂၀၁၇ ခုနှစ်တွင် အရှေ့တောင်အာရှ၌ စစ်ပွဲကြောင့် အတိဒုက္ခရောက်ကြရသူပေါင်း ၃.၃၇ သန်းရှိပြီး ခန့်မှန်းခြေ ၁.၄၆သန်းမှာ ဒုက္ခသည်များ ဖြစ်ပါသည်။ နိုင်ငံတစ်ခုခုတွင် ခိုလှုံခွင့်တောင်းခံလိုက်ရသူများမှာ ၇၄၄၁၆ ဦးရှိကာ ၁.၁၇သန်းမှာ နိုင်ငံမဲ့များနှင့် ၆၆၅၀၅၁ ဦးမှာ နေရပ်စွန့်ခွာရသူများဖြစ်ကြသည်။

စစ်မက်ဒဏ်ခံနေရသောနေရာတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ကောင်းစွာလည်ပတ်နေခြင်း မရှိသလို တိုက်ပွဲအတွင်းမှ ဖယ်ကျဉ်ခံအုပ်စုများမှာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားသော လူမှုဘဝအကာအကွယ် များ လုံးဝနီးပါး မရရှိနိုင်ကြပါ။

COVID-19 က အကျပ်အတည်းကြောင့် ဖြစ်လာသော ရွှေ့ပြောင်း နေထိုင်ကြရခြင်းကို ကိုင်တွယ်ရာတွင် အစိုးရများ၏ စွမ်းဆောင်ရည်ကိုလည်းကောင်း ယင်းတို့၏ ကပ်ဘေးတုံ့ပြန် ဆောင်ရွက်နိုင်ပုံကို လည်းကောင်း စမ်းသပ် နေသည်မှာ မငြင်းနိုင်ပါ။

အကြမ်းဖက်မှုများ ပြောင်ပြောင်ပင် ဖြစ်ပေါ်နေသော နေရာများနှင့် နိုင်ငံရေး မတည်ငြိမ်သော နေရာများမှ ရပ်ရွာပြည်သူများ၊ စီးပွားရေးနိမ့်ကျပြီး လူမှုရေးအရင်းအမြစ်များလည်း ယိုင်နဲ့နေသော နေရာများမှ လူမှုဘဝများ သည် ရောဂါကြောင့် ယခု ပို၍ပင် ထိလွယ်ခိုက်လွယ်ဖြစ်ကာ လက်ရှိပဋိပက္ခများကို ပိုမို ဆိုးရွားစေခြင်း သို့မဟုတ် ပဋိပက္ခအသစ်များပေါ်ပေါက်လာခြင်းတို့ ဖြစ်လာမည်ကို ကျွန်ုပ်တို့အနေနှင့် များစွာ စိုးရိမ်ပူပန်ပါသည်။

ဤအရေးမှာ ဒေသတွင်း အာဆီယံ၏ ခေါင်းဆောင်မှုအတွက်လည်း စမ်းသပ်ချက်တစ်ခုဖြစ်ပြီး အာဆီယံ စုစည်းမှုအင်အားမှာ စီးပွားရေးနှင့် ကုန်သွယ်ရေးထက် ကျော်လွန်နိုင်မှု ရှိမရှိကို မေးခွန်းထုတ်နေပါသည်။

သို့ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတို့သည် ဤရောဂါကပ်ဘေးကို အာဆီယံအသိုင်းအဝိုင်းအနေဖြင့် ဒေသလုံး ဆိုင်ရာအဆင့် ဖြေရှင်းခြင်းကို မဆောင်ရွက်ရသေးသည်ကို မထူးဆန်းစွာ တွေ့ရပါသည်။

ကုလသမဂ္ဂကိုယ်တိုင်ပင်လျှင် ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်လှုပ်ရှားမှုပုံစံဖြင့် ပြတ်ပြတ်သားသား အင်အား မစုစည်းနိုင်သေးရာ အာဆီယံဒေသတွင်းမှာ နိုင်ငံများစွာတို့သည်လည်း မိမိနိုင်ငံအရေးက ပထမအဖြစ် စဉ်းစားနေကြဆဲ ဖြစ်သည်။

လက်ရှိ နယ်စပ်များကို ပိတ်ထားခြင်းသည် ကပ်ရောဂါဘေးကို ယာယီအားဖြင့်သာ ထိန်းချုပ်ကောင်း ထိန်း ချုပ် နိုင်လိမ့်မည်ဟု နိုင်ငံအသီးသီးက သဘောပေါက်ရန် လိုပါသည်။

ပို၍ချိနဲ့သော နိုင်ငံများကို ရောဂါထိန်းချုပ်နိုင်ရေး အကူအညီ မပေးလျှင်၊ အချင်းချင်း ပူးပေါင်း ချိတ်ဆက် ဆောင်ရွက်ခြင်း မရှိလျှင် ဗိုင်းရပ်စ်ရန်ကို နှိမ်နင်းရန် မဖြစ်နိုင်ပါ။

ဗိုင်းရပ်စ်မှာ ကိုးကွယ်ယုံကြည်မှု၊ လူမျိုး၊ နိုင်ငံသား၊ နိုင်ငံရေးအယူဝါဒနှင့် မည်သူမည်ဝါဖြစ်သည်ကို ဂရုမစိုက်ရာ မခွဲမခြားအားလုံးကို ကူးစက်နိုင်ပါသည်။

သို့သော် ပဋိပက္ခများကြောင့် အတိဒုက္ခရောက်နေပြီးဖြစ်သော ဆင်းရဲနွမ်းပါးသူများနှင့် နိုင်ငံရေး၊ စီးပွားရေးအရ ဖယ်ကျဉ်ခံထားရသော အုပ်စုများ၊ ထိုသူတို့ကို အကြောင်းပြကာ အစိုးရလုံခြုံရေး အင်အားများနှင့် အစိုးရ မဟုတ်သော စစ်တပ်များက ဆင်နွှဲနေသော တိုက်ပွဲများ၏ ဒဏ်ကို ခံနေရသူများကို ကပ်ဘေးက ပို၍ နာကျင်စေနိုင် သည်။

သို့ဖြစ်ရာ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အပစ်အခတ် ရပ်စဲရေးမှာ ပညာသတိရှိသော ခြေလှမ်းဖြစ်ရုံသာမက ကျင့်ဝတ်သီလအရ လိုအပ်သဖြင့် စောင့်ကို စောင့်ထိန်းရမည် ဖြစ်သည်။

ကပ်ရောဂါဘေးကို ထိန်းချုပ်နိုင်ရန် လိုအပ်သော အလုပ် မှန်သမျှကို အရှိန်အဟုန်မြှင့်ပြီး အများနှင့်အတူ ရင်ဆိုင်နေရသော ယခုပြဿနာကို ဖြေရှင်းရန် ကောင်းမွန် ထိရောက်သော အဖြေ ရှာကြရပါမည်။

အပစ်အခတ် ရပ်စဲလိုက်ပါက လူသားချင်း စာနာမှုဆိုင်ရာ အထောက်အကူများမှာ ချိန့်သော ရပ်ရွာ လူ့အသိုက်အမြုံများသို့ ရောက်ရှိလာနိုင်ပြီး လက်နက်ဖြင့် မပစ်မခတ်ရဘဲ အရေးပေါ်အခြေအနေအတွက် ညှိနှိုင်းအဖြေရှာနိုင်ကာ ပူးပေါင်း ဆောင်ရွက်နိုင်သည့် အခင်းအကျင်းကို လမ်းမလွဲစေဘဲ ဖွင့်လှစ်နိုင်ကြမည် ဖြစ်ပါသည်။

စစ်မက်ပဋိပက္ခကြောင့် ဆုံးရှုံးမှုများနှင့် ကြုံနေရသူများထံ နောက်ထပ် ထိခိုက်နာကျင်စေခြင်းများ ထပ်မံမကျရောက်စေရန် အကူအညီများ ရောက်အောင် ပို့ဆောင်ရပါမည်။

အထက်ပါအရေးများကို မျှော်ရည်လျက် နိုင်ငံတော်အစိုးရတို့သည် ကပ်ဘေး ထိန်းချုပ်ရေး အစီအမံများ ဆောင်ရွက်ရာတွင် လူသားလုံခြုံရေးနှင့် ပြည်သူ့ဘဝတရားမျှတမှုကို အဓိကထားကြပြီးလျှင် အရေးပေါ် အစီအမံများကို အကြောင်းပြု၍ သေးသိမ်သော နိုင်ငံရေးအကျိုးအမြတ်အတွက် အာဏာများကို အလွဲ မသုံးကြရန်လည်း လို ပါသည်။

ထိုသို့မဟုတ်ပါက မညီမျှမှုများ ပို၍ အခြေအနေဆိုးရွားလာကာ လက်နက်ကိုင် ပဋိပက္ခများ၏ အရင်းခံအကြောင်းတရား ဖြစ်ခဲ့သော မလုံခြုံမှုများ၊ အယုံအကြည်ကင်းမဲ့မှုများကို ပို၍ ဆိုးရွားစေမည် ဖြစ်သည်။

**သို့ဖြစ်ရာ နိုင်ငံများအားလုံးကို အောက်ပါအချက်များကိုမနှောင့်နှေးဘဲ ချက်ချင်း လက်ခံ ဆောင်ရွက် ကြပါ ရန် ကျွန်ုပ်တို့က တောင်းဆိုအပ်ပါသည်။**

၁။ လူသားချင်းစာနာမှု အကူအညီပေးရေး လမ်းကြောင်းများ ဖော်ထုတ်နိုင်ရေးနှင့် အကူအညီများ သယ်ပို့နိုင်ရေး၊ အထူးသဖြင့် ကျန်းမာရေး ပညာပေးလုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပဋိပက္ခဖြစ်ရာအရပ်မှ ဒေသခံများထံ ပေးနိုင်ရန် မိမိတို့တပ်များဘက်က စ၍ အပစ်အခတ်ရပ်စဲရေးကို ချက်ချင်းကြေညာပေးရန်။

ထိုသို့ ကြေညာပေးခြင်းက လက်နက်ကိုင် အဖွဲ့များနှင့် ဆွေးနွေး ညှိနှိုင်းရန်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ အပြန်အလှန် ချမှတ်နိုင်ရန်နှင့် အပစ်အခတ်ရပ်စဲကာလ စောင့်ကြည့်ရေး အစီအမံများကိုလည်း ထူထောင်ရန် လမ်းစကို ပေါ်စေမည် ဖြစ်သည်။

၂။ နိုင်ငံသား၊ လူမျိုး၊ ဘာသာ၊ အသားအရောင်၊ ဂျန်ဒါ၊ စီးပွားရေးအဆင့်အတန်းနှင့် မည်သူမည်ဝါဟူ၍ မခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူသားချင်းစာနာမှု အကူအညီများကို ခွဲခြားဆက်ဆံခြင်းမရှိ ပွင့်လင်းမြင်သာပြီး လူ့ ဂုဏ်သိက္ခာကို အလေးအမြတ်ပြု ပေးအပ်နိုင်ရန် လိုအပ်သည်များကို လုံလောက်အောင် ဝေခြမ်းစီစဉ်ပေးရန် တောင်း ဆိုပါသည်။

၃။ ဌာနေတိုင်းရင်းသားများ၊ ဒုက္ခသည်များ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံထားသူများနှင့် နေရပ်စွန့်ခွာထွက်ပြေးနေရသူများ အစရှိသည့် ထိခိုက်လွယ်သော အုပ်စုများနှင့် ပဋိပက္ခဒဏ်သင့်နေသူများကို အထူး လိုအပ်နေ သော ပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် အစွမ်းကုန် ဆောင်ရွက်သင့်ပါသည်။

ဥပမာ - အန္တရာယ်ကင်းသော သောက်သုံးရေနှင့် သန့်ရှင်းရေး ပစ္စည်းများ ရရှိစေရေး၊ မျက်နှာဖုံး နှာခေါင်း စည်းများ အစရှိသည့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ ချက်ချင်းရောဂါစမ်းသပ်နိုင်ရန်နှင့် ကောင်းမွန်သော ဆေးဝါး ကုသမှုကို ရရှိနိုင်ရန်၊ လူမှုရေး အကာအကွယ်များ ရရှိနိုင်ရန် ဆောင်ရွက်ပေးသင့်ပါသည်။

နေရပ် စွန့်ခွာထွက်ပြေးနေရသူ အမျိုးသမီးတို့အပေါ်တွင် မတရားသဖြင့် ကျရောက်နိုင်သော အန္တရာယ် များ နှင့် သူတို့၏ လိုအပ်ချက်များကို ဖြေရှင်းပေးရပါမည်။

၄။ အစိုးရအစီအမံများနှင့် လုံခြုံရေးလုပ်ငန်းများကို ကပ်ဘေးတုံ့ပြန်ရေး အစီအစဉ်များတွင် ထည့်သွင်း ဆောင်ရွက်ရာတွင် တည်ဆဲ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေသတ်မှတ်ချက်များ၊ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြ ရပါမည်။

အစိုးရအနေနှင့် အရေးပေါ်အခြေအနေကို ကြေညာရာတွင်လည်းကောင်း၊ ရပ်ရွာများကို ရောဂါ မကူးစက် စေရေးအတွက် သီးခြား ကန့်ထားရာတွင် လည်းကောင်း၊ တစ်နေရာမှ တစ်နေရာသို့ အသွားအလာ ဖြတ်တောက်ရာတွင် လည်းကောင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရပိုင်ခွင့်များကို ထိခိုက်စေခြင်း မဖြစ်အောင် ဆောင်ရွက်ရပါမည်။

ပဋိပက္ခဒေသများတွင် ပိတ်ဆို့ထားခဲ့သော အင်တာနက် ဝန်ဆောင်မှုများ ရှိလျှင် ပြန်ဖွင့်ပေးရပါမည်။ ကပ် ရောဂါ အခြေအနေများနှင့် အစိုးရက ဆောင်ရွက်နေသော ရောဂါထိန်းချုပ်ရေး အစီအမံများနှင့် ပတ်သက်၍ ကာလ ဒေသအလိုက် လိုအပ်နေသော အချက်အလက်များကို လူတိုင်း ရရှိနိုင်အောင် ဖြန့်ဖြူး အသိပေးရပါမည်။

အရေးပေါ် အမိန့်များကို ဥပဒေအဖြစ် ပြဋ္ဌာန်းပါက မည်ရွေ့မည်မျှအထိ အာဏာစက် သက်ရောက် သည်ကို ရှင်းလင်းစွာ ထုတ်ပြန်ပြီး ထိုဥပဒေများ အသက်ဝင်မှုကို စောင့်ကြည့်ကာ အကယ်၍ မကျေနပ်မှုများရှိက ဖြေရှင်းရန် အစီအမံများ ရှိရပါမည်။

၅။ ကပ်ဘေးကို တုံ့ပြန် ဆောင်ရွက်ရာတွင် လူတိုင်း လုံခြုံရေးကို အရေးပေး ဆောင်ရွက်ရပါမည်။ အထူးသဖြင့် ကျန်းမာရေး လုပ်သားတို့တွင် လိုအပ်သော အကာအကွယ်များနှင့် ကိရိယာများ လုံလောက်စွာ ရရှိရန် ဆောင်ရွက်ရပါမည်။

၆။ လက်နက်များနှင့် စစ်တိုက်ရန်အတွက် သုံးစွဲနေသော ဘဏ္ဍာများကို ကျန်းမာရေးကဏ္ဍသို့ ပြောင်းရွှေ့ သုံးစွဲရပါ မည်။

အာဆီယံနိုင်ငံများအနေနှင့် အချင်းချင်း အပြန်အလှန် အကူအညီပေးရန်နှင့် မဟာဗျူဟာကျကျ ချိတ်ဆက် ဆောင်ရွက်ကြရန် အစီအစဉ်များ ဆောင်ရွက်ကြပါရန် ထပ်မံ နှိုးဆော်လိုက်ပါသည်။

အထူးသဖြင့် ပဋိပက္ခဒဏ်ခံ ဒေသများမှ ပြည်သူများ၊ ဒုက္ခသည်များ၊ နိုင်ငံရေး ခိုလှုံခွင့် တောင်းခံထားသူ များ၊ နိုင်ငံမဲ့များ၊ နေရပ်စွန့်ခွာထွက်ပြေးရသူများ အစရှိသူတို့ ပြေလည်သော ဘဝအခြေအနေရှိစေရေးနှင့် လူသားတို့ ရပိုင်ခွင့်များ ရရှိရေးအတွက် ဆောင်ရွက်ကြရန် နှိုးဆော်ပါသည်။

ယခုကာလမှာ အာဆီယံအဖွဲ့ကြီးနှင့် အဖွဲ့ဝင်နိုင်ငံများအနေနှင့် ပြည်သူကို ဗဟိုပြုကာ၊ ပြည်သူ့အရေး ဦးစားပေးလျက် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အချင်းချင်းစောင့်ရှောက်သော၊ ဝေမျှသော ရပ်ဝန်းကို တည်ဆောက်ကြရန် အချိန် ဖြစ်ပါသည်။

**အရပ်ဘက်ပြည်သူ့အဖွဲ့အစည်းများ**

**ဆက်သွယ်ရန်–**

Saw Min Naing 095198822

Thatoe Aung 09798427109

**ဤစာကိုအောက်ပါအဖွဲ့များက လက်မှတ်ရေးထိုးပါသည်။**

1. 88 Generation Peace and Open Society Organization ( Myeik ) ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း (မြိတ်)
2. 88 Generation Peace and Open Society Organization (Kyun Su) ၈၈ မျိုး ဆက်ငြိမ်း ချမ်းရေး နှင့်ပွင့်လင်းလူ့အဖွဲ့အစည်း(ကျွန်းစု)
3. 8888 New Generation (Mohnyin)
4. A Linn Mee Eain အလင်းမီးအိမ်အဖွဲ့(Lashio)
5. A MATA ( Ayeyarwaddy MATA )
6. AATA ( Ayeyarwaddy Accountability and Transparency Association)
7. Action Group for Farmers Affair (AGFA- Mandalay Division
8. Action Group for Farmers Affair (AGFA)- Ayarwaddy Division
9. Action Group for Farmers Affair (AGFA)- Bago Division
10. Action Group for Farmers Affair (AGFA)- Magway Division
11. Action Group for Farmers Affair (AGFA)- Sagaing Division
12. AGFA Action Group for Farmers' Affair (Bago)
13. Ahlin Tagar Rural Development Organization
14. AhLin Thitsa Development Committee
15. Ahnaga Alinn Development Committee
16. Ahr Man Thit Bhamaw
17. Ahr Thit Yaung Chi (Hline Bwe ) အားသစ်ရောင်ခြည် (လှိုင်းဘွဲ့မြို့နယ်)
18. Airavati Foundation
19. Alin Thitsar Development Committee အလင်းသစ္စာဖွံ့ဖြိုးရေးကော်မတီ
20. Alinn Bhamaw Local Development Organization
21. Alinn Thit Disability Association
22. Alinsaetamarn Library & Resource Center
23. All Arakan Civil Society Organizations Partnership (AACSOP)
24. All Kachin Youth Union

25. Ann Township Pipeline Watch Movement Organization အမ်းမြို့နယ် ပိုက်လိုင်းရေးရာ စောင့်ကြည့် လှုပ်ရှားရေး အဖွဲ့
26. Arakan Civil Society Forum for Peace Network(ACSFPN)
27. Arakan Human Rights Defenders and Promoters Association(AHRDPA)
28. Arakan Humanitarian Coordination Team (ACHT)
29. Arakan National Congress ( Laytaung )- ရခိုင်အမျိုးသားကွန်ရက် (လေးတောင်)
30. Arakan National Network(ANN)
31. Arakan Peasant Union – APU
32. Arakan Social Network (ရခိုင်လူမှုကွန်ရက် (မြေပုံ)
33. Arakan Women Union (ရခိုင် အမျိုးသမီး သမဂ္ဂ)
34. Arakan Youth New Generation (ရခိုင်လူငယ်မျိုးဆက်သစ်)
35. Arr Marn Thit Social Development Organization
36. Athan - Freedom of Expression Activist Organization
37. Aung San Mandalar
38. Ayeyar Farmer Union
39. AYN Ayeyawady Youth Network
40. Ayyar Pyo May Women Development Organization
41. Badeidha Moe CIvil Society Organization
42. Bago Women Development Group
43. Banmaw Youth Network
44. Bee House
45. Belinn CSO Network ဘီးလင်း CSO ကွန်ယက်
46. Bridging Rural Integrated Development and Grassroots Empowerment (BRIDGE)
47. Butheetaung Youth Congress (ဘူးသီးတောင် လူငယ် ကွန်ရက်)
48. Candle Light Youth Group
49. Cang Bong youth
50. CCTU
51. Central Chin Youth Organization
52. CHAD
53. Child Care Foundation (Myawaddy T.S)
54. Child Prevention Network
55. Chin MATA working group
56. Chin youth Organization, Matupi
57. Chinland Natural Resource Watch Group
58. Citizen’s Action For Transparency (CAfT)
59. Civil Authorized Negotiation
60. Civil Call (Sagaing Region)
61. Community Association Develovment

62. Community Empowerment and Resilience Association (CERA)
63. Community Response Group
64. Constitution Network ( Hpa An ) အခြေခံဥပဒေကွန်ယက် (ဖားအံမြို့နယ်)
65. Daifin Social Service
66. Daifin Social Services (DFSS)
67. Dama Ahlin Social Development Organization
68. Dawei Development Association
69. Dawei Research Association
70. Dawei Watch Foundation
71. DEC Democratic Education Corner
72. Department of Development Studies
73. Development Network Hinthada
74. Doe Myae Social Development Organization ( Tontay )
75. Down Peace Organization
76. Enlightened Myanmar Research Foundation EMReF
77. Environmental Protection and conservation Society of Anin Region. (EPCS.Anin) အနင်းဒေသ သဘာဝထိန်းသိမ်းစောင့်ရှောက်သူများအဖွဲ့
78. Equality Myanmar
79. Evergreen Organization-Momawk
80. Farmer Agricultural Network
81. Farmer and Labour Union(Myeik)
82. Farmers and Land Rights Action Group
83. Farmers Networks Monyin
84. FCC
85. Flag Youth Group
86. Free & Fair ( Chaung Oo)
87. Free and Justice Women Network ( Hpa An ) F&J (ဖားအံမြို့နယ်)
88. Free Education Service Organization
89. FREELAND
90. FREELAND Organization(Lashio)
91. Future Light Center
92. Future Light Development Committee (အနာဂါတ်အလင်းဖွံ့ဖြိုးရေးကော်မတီ)
93. Future Light Social Development Organization
94. Future Star
95. Future Star Youth Organization
96. Future Young Pioneer Organization(FYPO)
97. Gayunarshin Social Development Organization
98. Generation Wave GW
99. Gita Yart Won ( Thaton ) ဂီတရပ်ဝန်း-သထုံ

100. GOAL organization
101. Golden Future Social Development Organization
102. Golden Heart Organization
103. Green Justice Institute
104. Green Network Mergui Archipelago
105. Green Peasant Institute
106. Green Rights Organization ( Shan State )
107. Green Youth
108. Grip Hand organization
109. Halcyon
110. Heartland Foundation(Lashio)
111. Hinthada Anti-plastic Organization HAPO
112. Hkumzup Development Committee
113. Hline Bwe Youth Network လှိုင်းဘွဲ့လူငယ်ကွန်ယက်
114. Home Ma Lin Youth Network (ဟုမ္မလင်း လူငယ်ကွန်ယက်)
115. Hope For Children  Development Organization
116. Hsar Du Wor CBO ( Than Taunggyi )  (ဆာဒူဝေါ်CBO) (သံတောင်ကြီးမြို့နယ်)
117. Hsar Ka Baw CBO ( Than Taunggyi )  (ဆာကပေါ် CBO) (သံတောင်ကြီးမြို့နယ်)
118. Hsar Mu Htaw ( Than Taunggyi ) ( လူမှုအထောက်အကူပြုအဖွဲ့) (သံတောင်ကြီးမြို့နယ်)
119. Htaw Mae Pa CSO ( Hline Bwe ) ထော်မဲပါ CSO (လှိုင်းဘွဲ့မြို့နယ်)
120. Htee gyaunt Network
121. Htoi Gender and Development Foundation
122. Htoi San Local Development Organization
123. Htun Thit Sa Rural  Development Organization
124. Human Right Defenders and Promoters(Palaw)
125. Human Rights Foundation of Monland (HURFOM)
126. Humanitarian Strategy Team - Northern Shan State (HST-NSS)
127. Humanity Institute
128. IFI Watch (Kyun Su)
129. IFI Watch Myanmar
130. Independent Society (Hpa An) လွတ်လပ်သောလူ့ဘောင် (ဖားအံမြို့နယ်)
131. iSchol-Myanmar
132. Island Tagon Social Care Organization
133. Justice Movement for Community - Innlay
134. Justice Society Organization(Lashio)
135. Kachin Development Group
136. Kachin National Youth Network
137. Kachin State Farmers Asdociation
138. Kachin State Women Network

139. Kachin State Women Network
140. Kachin Women Union
141. Kachin Women Union
142. Kalyana Mitta Development Foundation
143. Kaman Ethnic Social Network(KESN)
144. Kan Chay Arr Man Fishery Development Organization
145. Kanaung Institute
146. Kanpetlet Land Development Organization
147. Kantbalu Farmers Union
148. Karan Land Development Organization ကတန်မြေဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
149. Karen Affairs Group KAG (ဖားအံမြို့နယ်)
150. Karen State Women Network KSWN (Hpa An )
151. Karen Youth Organization (Hpa Pun ) ကရင်လူငယ်အဖွဲ့(ဖာပွန်မြို့နယ်)
152. Karen Youth Organization KYO ( Kyar Inn Sate Kyee ) (ကြာအင်းဆိတ်ကြီးမြို့နယ်)
153. Karenni Evergreen
154. Karenni Human Right Group
155. Karenni National Women Organization
156. Karenni State Farmer Union
157. Karuna Foundation ( Kawkareik ) ဂရုဏာဖောင်ဒေးရှင်း (ကော့ကရိတ်မြို့နယ်)
158. Katan Land Development Committee
159. Kaung Myat Hnalonethar Health Care Organization
160. Kaung Rwai Social Justice and Development Organization
161. Kayah Earthrights Action Network (KEAN)
162. KESAN (ဖားအံမြို့နယ်)
163. Khaing Myar Thitsar Development Committe ခိုင်မြဲသစ္စာဖွံ့ဖြိုးရေးကော်မတီ
164. KMSS
165. KOG (ဖားအံမြို့နယ်)
166. KRDA Kyaukphyu Rural Development Association
167. Kyaukphyu Special Economic Zone Watch Organizatio ကျောက်ဖြူအထူးစီးပွါးရေးဇုံ
168. Kyun Ta Htaung Myay Foundation ( KTHM ) ကျွန်းတစ်ထောင်မြေ ဖောင်ဒေးရှင်း
169. LAIN Technical Support Group
170. Land In Our Hands (LIOH)
171. Lann Pya Kye Mansi
172. LatButta Farmer Union
173. Lawng Byit Hkawng organization
174. Legal Clinic Myanmar
175. Legal Knowledge Sharing Group
176. Light Social Development Organization

177. Lighthouse Social Development Organization Ayarwaddy
178. Lin Let Kyal Social Development Organization
179. Lin Yaung Chi
180. Lisu Women Organization-Hsipaw လီဆူအမျိုးသမီးအဖွဲ့
181. Living Water Organization
182. Loi Yang Bum Community Development organization
183. Lu Mu Htar CBO ( Than Taunggyi ) ( လူမှုထာ CBO) (သံတောင်ကြီးမြို့နယ်)
184. Lu Nge Ahr Marm (လူငယ်အားမာန်အဖွဲ့)
185. Madae Island Youth Development Association (မဒေးကျွန်း လူငယ် ဖွံ့ဖြိုးရေး အသင်း)
186. Mandalay Affairs Association
187. Mandalay Community Center
188. Mandalay Industrial waste water watch group
189. Mandalay Justice Committee
190. Mandalay Paralegal Network
191. Mandalay Political Women Group
192. Mandalay Regional Youth Association
193. Mandalay Social Harmony Network
194. Mandalay Social Science Institute (MSSI)
195. Mandalay YMCA
196. Mandalay Young-sin
197. Mann Thingaha
198. MATA (Arakan)
199. MATA (Sagaing Region)
200. MATA (Yangon)
201. Matu Baptist Churches
202. Matu forum Committee
203. Matu social welfare
204. Matu Women Association
205. Mawdukala Mae Social Development Association
206. May Doe Arrman Women Development Organization
207. Maydoearrman
208. Men fellowship Matupi
209. Metta Campaign
210. Metta Foundation
211. Metta Shin
212. Metta Yin khwin
213. Mi Kayin Youth ( Hpa An ) မိကရင်လူငယ် (ဖားအံမြို့နယ်)
214. Mingalar Foundation
215. Minhla Youth Centre

216. MOBO
217. Mon Area Community Development organization MACDO – Ye
218. Mon Literature and Culture Association −Kawkareik
219. Mon state Women and Children Upgrade Conduct Organization(MWCUC)
220. Mon Women Network (MWN) မွန်အမျိုးသမီးများကွန်ယက်
221. Mon Women's Organisation (MWO) မွန်အမျိုးသမီးအဖွဲ့
222. Mother Land Network
223. MPA Myanmar People’s Alliance ( Shan State)
224. MPFC Myanmar Press Freedom Center
225. MRCN
226. MRJ-Myu Sha Rawt Jat
227. Mu Sae Cum Multi - Development Association (မူစဲကမ်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး
228. Muditar Organization
229. Mwetaung Area Development Group
230. Myanmar Covid-19 Response Center
231. Myanmar Cultural Research Society (MCRS)
232. Myanmar ICT for Developlement Organization-(ဖွံ့ဖြိုးမှုအတွက် မြန်မာအိုင်စီတီအဖွဲ့)
233. Myanmar Independent living Initiative-MILI
234. Myanmar Postive Women Network
235. Myanmar Yat Youth Organization-Hsipaw) မြန်မာရပ်လူငယ်အဖွဲ့
236. Myeik Lawyer Network
237. Myit Ma Ayeyarwaddy  Development Organization
238. Myit Pha Ayeya အသင်း
239. Nam Kyoe Parahita Foundation
240. Nam Shani Organization
241. National Network for Education Reform NNER
242. Natural Green Alliance
243. Nay Won Ni
244. New Generation ( Won Tho )– မျိုးဆက်သစ် (ဝန်းသို)
245. Ngwe Saung Youth Network
246. Ngwe Yaung A Nar Gat women Organ'zation-Hsipaw
247. Nianggawn Institute (NI)
248. Northern Shan State Youth Network
249. Nway Htway Thaw Yin Khwin နွေးထွေးသောရင်ခွင်
250. Nyan Lynn Thit Analytica
251. Nyein (Shalom) Foundation
252. Open Development Foundation
253. Our Future Initiate

254. Our Natural Land
255. Oway Education and Youth Institute
256. Pan Pyoe Lett
257. Pan Taing Shin Women Rural Development Orgalization
258. Pan Thi Kyo LGBT Organization
259. Paung Ku
260. Paung Ku (Mandalay)
261. Paungsee Arr Institute (PAI)
262. Paungsee Myittar Organization
263. PCCEN ( Primary Color Civics Education network)
264. PCMJ Protection Committe for Myanmar Journalist
265. PDCE (Peace Development and Civic Education)
266. Peace and Development Initiative-Kintha (PDI-Kintha)
267. Peasant and Land Labour Union ( Myeik)
268. Peasants Legal Aid Network (PLAN)
269. People for People (PFP)
270. Phyu Sin Myittar Social Development Organization
271. Pone Yate Sit Regional Development Orgalization
272. PSC Taung Gote SPC (တောင်ကုတ်)
273. Public Service Committee(PSC)Taungoke
274. Pyinnya Thagar Acadimate Institute
275. Pyoe Development Organization
276. Rakhine Ethnics Congress (REC)
277. Rakhine State Physically Handicapped Association (ရခိုင်ပြည်နယ် မသန်စွမ်းသူများ
278. Rakhine Youth New Generation Network (RYNG-N)
279. Rakka Ahr Marn (ရက္ခအားမာန် အဖွဲ့)
280. Rambrae Township Development Organization-ရမ်းဗြဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့
281. Regional Development & Rule of Law Watchers. Daedaye
282. Reliable Organization RO
283. Representative Committee Of Education College Students Unions
284. Research Institute for Society and Ecology
285. Royal Women
286. Rule of law watch group
287. Rural Community Development Society
288. Rural Social Development Organization
289. S& K mining Watch
290. Sain Let Ayar
291. Salween Network သံလွင်ကွန်ယက် (ဖားအံမြို့နယ်)
292. San Phate Women Organization-Hsipaw စံဖိတ်အမျိုးသမီးအဖွဲ့

293. SaNaR
294. Sane Lann Myo Set ( Hpa An ) စိမ်းလန်းမျိုးဆက် (ဖားအံမြို့နယ်)
295. Sarnar Kyi Phyu Social Development Organization
296. SarPhyu Famar Network
297. Save the Salween Network,
298. Saytana Mon Women Network
299. Saytana Shaesaung Youth Organization
300. Saytanar Shin Social Development Organization
301. Second Top Roof
302. Sein Yaung So Activities (Tada U)
303. Shan Women Association
304. Shan Women Development Network
305. Sharing - မျှဝေရာ
306. ShiningStarInterfaith&HR Group
307. Shwe Nathar Famar Development Organization
308. Shwe Thinkha Social Development Organization
309. Shwechinthae Social Service Group (shwebo)
310. SKY-youth, Kyaukphyu
311. Social Program Aid for Civic Education(SPACE)
312. Southern Youth Development Organization
313. SPACE
314. Special Olympic
315. Spectrum
316. Summer Shelter Library (နွေအရိပ်စာကြည့်တိုက်)
317. Sunflower (SHG)
318. Swam Su Ti Rural Development Organization
319. Swan Saung Shin
320. Sympathy Hands
321. Synergy (Social Harmony Organization)
322. Ta'ang Women Organization-Hsipaw) တအာင်းအမျိုးသမီးအဖွဲ့
323. Tanintharyi MATA
324. TANKS-Kachin
325. Tarkapaw Youth Group
326. Taung Ta Man Development Network
327. TEN Taunggyi Education Network
328. Thanbyuzayart Mon Youth Organization
329. Thantwe Development Organization (သံတွဲ ဖွံ့ဖြိုးတိုးတက်ရေး အသင်း)
330. Tharthi Myay Foundation
331. The Helpers for Perfect Democracy(HPD) - Monywa
332. The Seagull (Human Rights, Peace & Development)

333. Thein Than Aung
334. Thint Myat Lo Thu Myat ((Peace Seekers and Multiculturalist Movement)
335. Thit Sar Gone Network သစ္စာဂုဏ်ကွန်ယက်
336. Thu Kha Mein Institute
337. Thuriya Sandra Environmental Watch Group
338. THWEE CSO ( Kawkareik ) သွီး CSO (ကော့ကရိတ်မြို့နယ်)
339. Township Leading Group (Waingmaw)
340. Township Leading Group Waingmaw
341. Transman Association Myanmar
342. Tri-star organization
343. TRY organization
344. Uakthon Local Social Development Organization
345. Waimaw Civil Society Network (WCN)
346. Waing Maw CSO Network
347. WAN Lark Development Foundation (WLDF)
348. Windayel Village Social Organization ( Hpa An ) ဝင်းဒရယ်ကျေးရွာလူမှုရေးအဖွဲ့
349. Women Active Group
350. Women Capacity Building,Kawkareik
351. Women fellowship,Matupi
352. Women for women foundation
353. Women Peace and Security Network- Northern Shan State (WPSN-NSS)
354. Worker Development Organization
355. Wunpawng Ninghtoin (WPN)
356. Yae Kyi Sann social support group (BAGO)
357. Yai Ywal Yar Youth Development Organization
358. Yangon Watch
359. Yatanar Young Chi Social Development Organization
360. Yin Khat Pann
361. YMCA
362. YMCA of Mandalay
363. Yone Kyi Yar (Mandalay)
364. Young Ni Oo Social Development Organization
365. Young Ni Oo Women Group
366. Youth Ahsee Ahyone – Bago (လူငယ်အစည်းအရုံး-ပဲခူး)
367. Youth Campion Network (Mandalay)
368. Zinlum Committee (Tanphaye)
369. Zomi Student and Youth Organization
370. Zomia International Myanmar